# ဇေဦးယျာ၏ ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင် ဝတ္ထုမှ ငြိလုံး

အေးစုငြိမ်း*

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် ဆရာဇေဦးယျာ၏ ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်ဝတ္ထုမှငြိလုံးများကို လေ့လာထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် ဝတ္ထုတစ်ပုဒ်ကို အစမှ အဆုံးတိုင် ဖတ်ရှုချင်လာအောင်ဆွဲဆောင်ပေးနိုင်သော စာရေး ဆရာ၏ ငြိလုံးဖန်တီးမှု အတတ်ပညာပိုင်းကို အဓိကထားကာ လေ့လာတင်ပြ သွားမည်ဖြစ်ပါသည်။ ထိုသို့လေ့လာ တင်ပြခြင်းကြောင့် စာရေးဆရာ၏ ဝတ္ထုဖန်တီးမှု နှင့် ပရိသတ်၏ ခံစားမှုတို့ ထပ်တူကျမှု သဘောကိုပါ လေ့လာဆန်းစစ်နိုင်မည်ဖြစ်ပြီး စာပေလေ့လာမှု လမ်းကြောင်း အတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုလိမ့်မည်ဟု မျှော်လင့်မိပါသည်။

**သော့ချက်ဝေါဟာရ။** ။ဝတ္ထု ၊ ငြိလုံး၊ ဖန်တီးမှု၊ အတတ်ပညာ၊ ခံစားမှု။

## နိဒါန်း

ဤစာတမ်းသည် မအူပင်တက္ကသိုလ် နှစ်ပတ်လည်အထိမ်းအမှတ်စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။ စာတမ်းတွင် ဇေဦးယျာ၏ ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်ဝတ္ထုမှ ငြိလုံးဖန်တီးမှုကို အဓိကထားလေ့လာတင်ပြထားပါသည်။ ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ ဒေသ နောက်ခံစသဖြင့် ဝတ္ထုတိုအင်္ဂါရပ်များရှိရာ ဝတ္ထုတစ်ပုဒ်တွင် ထိုအင်္ဂါရပ်များကို ထည့်သွင်း၍ စာဖတ်သူ စိတ်ဝင် စားလာအောင် ဖန်တီးခြင်းသည် ငြိလုံးဖန်တီးသည့်သဘောဖြစ်ပါသည်။ ထို့ပြင် ဝတ္ထုတစ်ပုဒ် ဖတ်လိုက်သည်နှင့် အစမှအဆုံးတိုင် လက်ကမချချင်ဘဲ ရှေ့တွင် ဘာဆက်ဖြစ်မည်နည်းဟူသော စိတ်ပေါ်လာအောင် ဆွဲဆောင်ခြင်းသည် ငြိလုံးကြောင့်ဖြစ်ရာ ဝတ္ထုတစ်ပုဒ်တွင် ငြိလုံးသည်မည်မျှအရေးပါကြောင်း သိနိုင်ပါသည်။

ယခုလေ့လာတင်ပြမည့် ဇေဦးယျာ၏ ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင် ဝတ္ထုသည် ရွှေအမြုတေ ရွှေအသစ်ဆုရစာမူဖြစ်ပြီး ဆရာတော်အရှင်ဆန္ဒာဓိကချီးမြှင့်သည့် ဂုဏ်ပြုဆုကိုလည်း ရရှိခဲ့သော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ထိုဝတ္ထုသည် ဝတ္ထုနာမည်ဖြစ်သော 'ကြယ်စင်သစ်ကို လင်းတဲ့ရင်ခွင်'ထက် ဝတ္ထုတွင် တစ်စိတ် တစ်ဒေသပါဝင်သော 'ကြက်ရိုး'ဟူသောအမည်က ပို၍ထင်ရှားခဲ့ပါသည်။ ထို့ကြောင့် 'ကြက်ရိုး' ဟူသော စကားလုံးသည်ပင် ဝတ္ထု၏ ငြိလုံးဖြစ်မှန်းမသိ ဖြစ်လာသည့်သဘောဟု ယူဆနိုင်ပါသည်။ သို့ဖြစ်ရာ ဝတ္ထုတွင်ပါသော ငြိလုံးများကို လေ့လာတင်ပြရာတွင် ဦးတည်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံနှင့်ဝတ္ထု

---

* ကထိက၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်။

အဖွင့်အပိတ်တို့မှ ငြိလုံးသွင်းဖန်တီးမှုအတတ်ပညာပိုင်းကို အခန်းများခွဲကာ လေ့လာတင်ပြသွားပါမည်။ ထိုသို့လေ့လာခြင်းဖြင့် စာရေးသူ၏ ဖန်တီးမှုအတတ်ပညာပိုင်းနှင့်စာဖတ်သူ၏ ခံစားမှုပိုင်းတို့ ဆက်နွယ်မှုရှိပုံကို သိမြင်လာနိုင်မည်ဖြစ်ပါသည်။ စာပေလေ့လာမှု လမ်းကြောင်းအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုလိမ့်မည်ဟု မျှော်လင့်မိပါသည်။

## ၁။ စာရေးသူ၏ အတ္ထုပ္ပတ္တိ

ဆရာဇေဦးယျာကို အဖ ဦးသိန်းဆွေ၊ အမိ ဒေါ်ခင်ပြေတို့မှ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် နေ့တွင် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ သာဂရကျေးရွာတွင် မွေးဖွားခဲ့ပါသည်။ နာမည်အရင်းမှာ ကျော်ဇေယျဖြစ်ပြီး မွေးချင်းလေးယောက်အနက် အငယ်ဆုံးသားဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် မကွေးဆေးတက္ကသိုလ်မှ M.B.B.S ဘွဲ့ကိုရရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှ စတင်ကာ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ် ရွှေအမြုတေမဂ္ဂဇင်း၊ ရွှေအသစ် ကဏ္ဍတွင်ပါရှိခဲ့သော ''ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်'' ဝတ္ထုတိုဖြင့် စာပေလောကသို့ ပထမဆုံး ဝင်ရောက်ခဲ့ပြီး ထိုဝတ္ထုဖြင့်ပင် ၂၀၁၃ ခုနှစ် ရွှေအမြုတေစာပေဆု (မျိုးဆက်သစ်ဆု)ကို ရရှိခဲ့ ပါသည်။ ထိုဝတ္ထုဖြင့်ပင် ရွှေပါရမီတောရ ဆရာတော် ရှင်ဆန္ဒာဓိကမှ ချီးမြှင့်သော ဆုကိုလည်း ရရှိခဲ့ပါသည်။ ယခုအခါတွင် ''ဆိုးတဲ့အမေနှင့် မဂ္ဂဇင်းဝတ္ထုတိုများ'' စာအုပ်ကို ရေးသားထုတ်ဝေ ထားပြီးဖြစ်ပါသည်။ လက်ရှိတွင် မန္တလေးဆေးတက္ကသိုလ်၌ သားဖွားမီးယပ်ဘွဲ့လွန်သင်တန်း တက်ရောက်လျက်ရှိပြီး တစ်ဖက်မှလည်း မိမိဝါသနာပါရာ ဝတ္ထုတိုများကို ကြိုးစားရေးသား လျက်ရှိပါသည်။

## ၂။ ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်ဝတ္ထုဇာတ်လမ်းအကျဉ်း

ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင် ဝတ္ထုသည် ဇေဦးယျာ၏ ပထမဆုံးပုံနှိပ်ဖော်ပြခံရသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါ သည်။ ထိုဝတ္ထုတွင် ဆေးကျောင်းသားတစ်ယောက်၏ အဖြစ်အပျက်ကို ဖန်တီးထားပါသည်။ ဝတ္ထုတွင် 'ကျွန်တော်' ဟူသောရှုထောင့်မှ တင်ပြထားပြီး ဆေးကျောင်းသားဘဝတွင် ဖခင်ကျောင်းဆရာ၏ ဝင်ငွေဖြင့် မလောက်သဖြင့် ကျောင်းမှထောက်ပံ့ကြေးပေးရာတွင် ထောက်ပံ့ကြေးရအောင် လျှောက်ထားခဲ့ပုံ၊ ထောက်ပံ့ကြေးရသောအချိန်တွင် ဖခင်က လက်မခံဘဲဆုံးမခဲ့ပုံ၊ ဖခင်၏ဆုံးမစကားနှင့် မိမိ၏လိုချင်တပ်မက်မှုများ အားပြိုင်ကာ နောက်ဆုံးတွင် ဖခင်၏စကားကိုနားထောင်သည့်အနေဖြင့် ထောက်ပံ့ကြေးကို ပြန်ပေးခဲ့ပုံ၊ ထောက်ပံ့ကြေး ပြန်ပေးသောအခါမှ ထောက်ပံ့ကြေးကို မိမိထက် အမှန်တကယ်လိုအပ်နေသူရှိပုံကို သိရသဖြင့် ဖခင်၏ဆုံးမစကားကို သတိရကာ နောင်တရပြီး ဖခင်ကို ကျေးဇူးတင်မိပုံတို့ကို ဇာတ်လမ်းဆင် တင်ပြထား ပါသည်။ မိမိအတွက်သာ စဉ်းစားနေမိခဲ့ရာမှ သူတစ်ပါးအတွက်ပါ ထည့်စဉ်းစားတတ်လာသော ဆေးကျောင်းသားတစ်ဦး၏ စိတ်ထား ပြောင်းလဲမှုမှတစ်ဆင့် လူလူချင်းကိုယ်ချင်းစာတရားများ၊ စာနာထောက်ထားမှုများထားသင့်၊ ရှိသင့်ကြောင်း အတွေး အသိပေးထားသည့် ဝတ္ထုတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။

## ၃။ ဝတ္ထုမှ ငြိလုံး၏သဘော

ငြိလုံးအကြောင်းကိုမတင်ပြမီ ဝတ္ထုနှင့်ပတ်သက်၍ ဦးစွာတင်ပြလိုပါသည်။ ဝတ္ထုဟူသည် ရသစာပေတစ်မျိုး ဖြစ်ပါသည်။ ရသစာပေကို ရေးသားဖွဲ့နွဲ့သူတို့သည် မိမိတို့၏ဘဝ အတွေ့အကြုံကို အခြေခံ၍ ခံစားမှုများဖြစ်ပေါ်လာကာ ထိုခံစားမှုများမှတစ်ဆင့် လောကအမြင်များ ရလာခဲ့ကြသည်။ ထိုလောကအမြင် များကို စာဖတ်သူတို့အား ဖြန့်ဝေလိုသောစေတနာ ရည်ရွယ်ချက်ဖြင့် ဝတ္ထုများကို ဖန်တီးရေးသားခဲ့ကြသည်။ ဝတ္ထုနှင့်ပတ်သက်၍ မောင်ထင်က ဝတ္ထုတိုစာတမ်းများ (၁၉၇၉) စာအုပ်တွင်–

> ''ဝတ္ထုတိုအဖွဲ့ဟူသည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ်တစ်ခု၊ စိတ်ကူးတစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ်တစ်ခုစသည်ဖြင့် တစ်ခုသောအချက်ကို ဗဟိုမဏ္ဍိုင်ပြု၍ဖွဲ့ဆိုထားသောအဖွဲ့ဖြစ်ပါသည်'' (မောင်ထင်၊ ၁၉၇၉၊၂၁၇)

ဟုလည်းကောင်း၊

ဒဂုန်တာရာက စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု(၁၉၉၀) စာအုပ် တွင် –

> ''အချိန်ကာလအတိုဆုံးတွင် ဖြစ်ပျက်ခြင်း၊ အဖြစ်အပျက်တစ်ခုသည် အကြောင်းတစ်ခု တည်းသာလျှင်ဖြစ်ခြင်း၊ အရေးအသား၌သိပ်သည်း ကျစ်လျစ်ကာလှပခြင်း စသည်တို့သည် ဝတ္ထုတို အတတ်ပညာ ဟုလည်း ယူဆထားပါ သည်'' (ဒဂုန်တာရာ၊၁၉၉၀၊၂၇၃)

ဟုလည်းကောင်း ဝတ္ထုဖန်တီးမှုနှင့်ပတ်သက်၍ ဖွင့်ဆိုပြထားပါသည်။

ဝတ္ထုတစ်ပုဒ်ကိုဖန်တီးရာတွင် စာဖတ်သူစိတ်ဝင်စားစေရန် ဖန်တီးရေးဖွဲ့ရသည့် သဘောကို ဂန္တဝင်တစ်ဆယ်စာအုပ် (၁၉၇၄) တွင် မင်းကျော်က –

> ''အဖြစ်အပျက်များ ဖျတ်ကနဲ ဖျတ်ကနဲ ပြသွားပုံ၊ စာဖတ်သူ အာရုံကို ဝတ္ထုတွင် စွဲနေအောင် ဖန်တီးပုံတို့မှာ ခေတ်သစ်ဝတ္ထု အတတ်ပညာ သဘောပင်ဖြစ်သည်'' (မင်းကျော်၊၁၉၇၄၊၁၁)

ဟုလည်းကောင်း၊ ဇော်ဂျီ၏ ဇော်ဂျီစာပေါင်းချုပ် (၁၉၉၄)စာအုပ်တွင်–

> ''ဇာတ်လမ်းတည်ဆောက်မှုနည်းစနစ်သည် စည်းရုံးသော သဘောရှိသည်။ ပထမဦးစွာ ဝတ္ထုရေးသူသည် ဇာတ်လမ်းကိုအစပျိုးသည်။ ထိုအခါ စာဖတ်သူသည် ဝတ္ထု၏ရှေ့အလားအလာကို မျှော်မှန်းလိုစိတ်ဖြစ်ပေါ်လာသည်။ ဝတ္ထုရေးသူသည် အားပြိုင်မှုများ ပါဝင်သောအဖြစ်အပျက်များနှင့် ဇာတ်ဆောင်တို့၏ အမူအရာများကို ဆက်လက်ဖန်တီး သည်။ စာဖတ်သူ၏ သိလိုစိတ်သည်လည်း တစ်ဆင့်မှတစ်ဆင့် မြင့်တက်လာခဲ့သည်။ ထို့နောက် ဝတ္ထုရေးသူသည် အားပြိုင်မှု၏ အနိုင်အရှုံးကို ရေးဖွဲ့ပြသည်။ ဤတွင် စာဖတ်သူသိလိုစိတ် လျော့လာသည်။ နောက်ဆုံးတွင် ဝတ္ထုရေးသူသည် ဇာတ်လမ်းကို အဆုံးသတ်

လိုက်သည်။ စာဖတ်သူလည်း သိလိုစိတ်ပြီးဆုံး၍ နှစ်သက်ခြင်းကို ဖြစ်စေသည်'' (ဇော်ဂျီ၊၁၉၈၄၊၂၁၆)

ဟူ၍လည်းကောင်း မိန့်ဆိုထားကြပါသည်။ ထိုသဘောများကိုကြည့်လျှင် စာရေးသူ၏ဝတ္ထု တစ်ပုဒ် ဖန်တီးရာတွင် မည်သည့်ပုံစံဖြင့် ဖန်တီးသည်ဖြစ်စေ နှစ်သက်မှု ဖြစ်ခြင်း သာလျှင် အရေးပါကြောင်း ကောက်ချက်ချနိုင်ပါသည်။

မောင်ခင်မင်(ဓနုဖြူ)က စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း(၂၀၁၀)စာအုပ်တွင် –

''စာတစ်ပုဒ်ကိုဖတ်ပြီး စာဖတ်သူ၏စိတ်ထဲမှာ အရသာရှိသွားခြင်း၊ နှစ်သက်သာယာသွားခြင်း၊ စည်းစိမ်ရှိသွားခြင်းဟူသော ခံစားမှုမျိုး ပေါ်ပေါက်လာခြင်းသည် ရသစာပေ၏ သဘောဖြစ်သည်'' (မောင်ခင်မင်(ဓနုဖြူ)၊ ၂၀၁၀၊ ၁၀၄)

ဟုတင်ပြထားပြီး ရန်အောင်က ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါး၊ ကဗျာရေးနည်း(၁၉၇၄)စာအုပ်တွင်–

''ဝတ္ထုတွင် ဆွဲဆောင်မှုအင်အားရှိရ၏၊ ဆွဲဆောင်မှုအင်အားဆိုသည်မှာ ထိုဝတ္ထု တို ဖတ်နေစဉ် ဘယ်လိုဖြစ်မှာလဲ၊ ဘယ်လိုဇာတ်သိမ်းမှာလဲ၊ ဇာတ်လိုက်တို့၏ အခဲအယဉ်းအကျပ်အတည်းက လွတ်မှလွတ်ပါ့မည် လား စသည်ဖြင့် စာဖတ်သူတို့၏ စိတ်ပြင်းထန်လေ၊ ဆွဲဆောင်မှု အင်အားကြီးမားလေဖြစ်သည် ဟုဆိုရချေမည်။ ဆွဲဆောင်မှုအင်အား ကောင်းလေ၊ ဝတ္ထုကောင်းအရည်အချင်းနှင့် ပြည့်စုံလေဖြစ်၏'' (ရန်အောင်၊ ၁၉၇၄၊ ၁၅၀)

ဟု ဆိုထားပါသည်။ ထို့ကြောင့် ဝတ္ထုမှ ငြိလုံးဆိုသည်မှာ စာဖတ်သူကို နှစ်သက်စွဲမက် စေသောအရာဟု ဆိုနိုင်ပါသည်။ ဝတ္ထုတစ်ပုဒ်ကိုဖတ်ရာတွင် စာဖတ်သူ၏ စိတ်ထဲတွင် စွဲကျန်ငြိ နေရစ်သော အကွက်ကလေးများ၊ အကြောင်းအရာများကို ငြိလုံးဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ငြိလုံးနှင့် ပတ်သက်၍ အောင်သင်းက ဝတ္ထုရေးရာဆောင်းပါးများ(၂၀၀၉)စာအုပ်တွင်–

''ကျွန်တော့အမြင်အရ ဝတ္ထုတစ်ပုဒ်ကို အစမှအဆုံးဖတ်ချင်စိတ်ပေါ် အောင် မက်လုံးကလေးများဖြင့် ဆွဲခေါ်ရပါသည်။ ရှေ့ဘာဖြစ်မလဲဟု သိချင်စိတ်ပေါ်အောင် ဆွဲဆောင်ခြင်းသည် မက်လုံးအားကောင်းမှု ပေါ်တွင်တည်ပါသည်။ ထိုမက်လုံးများနှင့် သွေးဆောင်ရင်း ညှို့ကွက် ဆီသို့ ရောက်သွားတတ်ပါသည်။ စာဖတ်သူ အာရုံစူးစိုက်သော အကွက် ဖြစ်သည်။ ထိုအကွက်ကို မလွန်မချင်း ဆေးလိပ်တိုကို ကောက်မကိုင် အားပါ။ ဘေးကလှမ်းခေါ်သည်ကို ပြန်မထူးအားပါ။ ထိုညှို့ကွက်များ တွင် ငြိလုံးကို တွေ့ရတတ်သည်'' (အောင်သင်း၊ ၂၀၀၉၊ ၅၆–၅၇)

ဟူ၍ ငြိလုံးဆိုသည်မှာ စာဖတ်သူအာရုံစူးစိုက်သော စိတ်ဝင်စားဖွယ်ဖြစ်စေသော အရာဖြစ် ကြောင်းရှင်းပြထားပါသည်။ ကောင်းမွန်သောဝတ္ထုတစ်ပုဒ်တွင်ဂုဏ်(၄)ပါး နှင့်ပြည့်စုံကြောင်းကို လည်းအောင်သင်းက–

> ''ပထမဂုဏ်မှာ အစမှအဆုံးထိဖတ်မိအောင် ဆွဲဆောင်နိုင်သောဂုဏ်ဖြစ်ပါသည်။ ဒုတိယဂုဏ်မှာ ထိုဝတ္ထုကို မကြာခဏ တောင့်တောင့်တတ ပြန်လည်ဖတ်ချင်စိတ်ပေါ်အောင် ဆွဲဆောင်နိုင်သောဂုဏ် ဖြစ်သည်။ တတိယဂုဏ်မှာ အရွယ်ကိုမမှုသောဂုဏ် ဖြစ်သည်။ စတုတ္ထဂုဏ်မှာကာလပရိစ္ဆေဒကို (ဝါ) ခေတ်ကိုမမှုသောဂုဏ် ဖြစ်သည်''
> (အောင်သင်း၊ ၂၀၀၉၊ ၅၅-၅၆)

ဟူ၍ဖော်ပြကာ ဝတ္ထုရေးဆရာကောင်းတစ်ယောက်သည် ထိုဂုဏ်များနှင့် ပြည့်စုံအောင် အားထုတ်ရေးသား လေ့ရှိကြောင်း၊ ထိုဂုဏ်များနှင့်ပြည့်စုံရခြင်းမှာ ငြိလုံးများ၏ အစွမ်းသတ္တိကြောင့် ဖြစ်ကြောင်း ရှင်းလင်းပြထား ပါသည်။

ထို့ကြောင့် ဝတ္ထုတစ်ပုဒ်ကို အစမှ အဆုံးတိုင်စွဲလမ်းစွာဖတ်ပြီး တသသပြန်ပြောကာ ခဏခဏ ပြန်ဖတ်မိတတ်ခြင်းသည်ငြိလုံးကလေးများကြောင့်ဖြစ်ပြီး စာဖတ်သူတို့၏ စိတ်ထဲတွင် ငြိကျန်နေအောင် ဖန်တီးထားမှုများဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ ငြိလုံးသွင်းခြင်းတွင် ဝတ္ထုရေးသူ၏ဦးတည်ချက်ကို ဖော်ကျူးပုံ၊ ဇာတ်ဆောင်တို့၏ ခံစားမှုဖန်တီးပုံ၊ ဇာတ်လမ်းဇာတ်ကွက်ဖန်တီးပုံ၊ ကာလဒေသဖန်တီးပုံတို့သည် ငြိလုံးကောင်းတစ်ခုဖြစ်ရန် အထောက်အပံ့ပြုသည်ဟု ဆိုနိုင်ပါသည်။ ငြိလုံးကိုလေ့လာခြင်းဖြင့် ဝတ္ထုရေးဆရာ၏ ပါရမီနှင့်အရေးအဖွဲ့စွမ်းရည်ကို ရိပ်မိနိုင်ပါသည်။ ဤစာတမ်းတွင် ခေါင်းစဉ်အမည်ဖြင့် ငြိလုံးသွင်းခြင်း၊ ဦးတည်ချက်ဖြင့်ငြိလုံးသွင်းခြင်း၊ဇာတ်လမ်းဖန်တီးမှုဖြင့်ငြိလုံးသွင်းခြင်း၊ ဇာတ်ဆောင်ဖန်တီးမှုဖြင့် ငြိလုံးသွင်းခြင်း၊ ကာလဒေသနောက်ခံဖြင့် ငြိလုံးသွင်းခြင်း၊ ဇာတ်အဖွင့်အပိတ်ဖြင့် ငြိလုံးသွင်းခြင်းဟူ၍ အခန်းများခွဲကာ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

### ၃၊ ၁။ ခေါင်းစဉ်အမည်ဖြင့် ငြိလုံးသွင်းခြင်း

ဝတ္ထုတိုခေါင်းစဉ်အမည်ပေးခြင်းနှင့်ပတ်သက်၍ ဒေါက်တာသက်အုန်းမြင့်က -

> ''ဝတ္ထုအမည်ပေးသောအခါ သိလိုစိတ်ကို နှိုးဆွရမယ်၊ ဦးတည်ချက်ကို ဖော်ဆောင် နိုင်ရမယ်''(ဒေါက်တာသက်အုန်းမြင့်၊ ၂၀၁၁)

ဟု ဆိုထားပါသည်။

ဇေဦးယျာ၏ ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်ဝတ္ထုတွင် ဆေးကျောင်းသားတစ်ယောက်၏ ဖြစ်ရပ်ကို ဇာတ်လမ်းဆင်ဖန်တီးထားပါသည်။ လမင်းကြီးလောက်မလင်းလက်သော ကြယ်စင်လေးတစ်လုံးကို အလင်းရောင်တောက်ပလာအောင် လမ်းပြပေးနိုင်သောရင်ခွင် ဟူသော အဓိပ္ပာယ်ဖြင့် ဝတ္ထုအမည်ပေးခဲ့ခြင်းဖြစ်ကြောင်း စာရေးသူကိုယ်တိုင်ပြောပြချက်အရ သိရှိရပါသည်။ ခေါင်းစဉ်ကိုဖတ်လိုက်သည်နှင့်မည့်သည့်အကြောင်းအရာ များရေးထားသနည်းဟူသော အတွေးဖြင့် ဝတ္ထုကိုပါစိတ်ဝင်စားလာစေနိုင်မည်ဟုဆိုနိုင်ပါသည်။ သားဖြစ်သူအား လမ်းမှန်ရောက်အောင်တည့်မတ်ပေးသော ဖခင်တစ်ယောက်၏ မေတ္တာစေတနာကို အဓိကထားသည့် သဘောဖြစ်ပြီး ဝတ္ထု၏ ဦးတည်ချက်ကိုပါ ထွန်းပြနိုင်သော ခေါင်းစဉ်အမည်ပေးမှု ဖြစ်ကြောင်း သိနိုင်ပါသည်။

သို့သော် ယခုလေ့လာတင်ပြထားသော 'ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်' ဝတ္ထုခေါင်းစဉ် ထက် ဝတ္ထု၏အကြောင်းအရာတွင် တစ်စိတ်တစ်ဒေသပါဝင်သော 'ကြက်ရိုး' ဟူသောအမည်က လူထုကြားတွင် ပို၍ထင်ရှား ခဲ့သည်ကိုလည်း သိရပါသည်။ 'ဇေဦးယျာ၏ ကြက်ရိုးလေး' ဟုဆို လိုက်သည်နှင့် 'ကြယ်စင်သစ် ကိုလင်း တဲ့ရင်ခွင်'ဝတ္ထုမှန်း လူတိုင်းသိနေခြင်းသည် ငြိလုံး၏ အစွမ်းအာနိသင်ကြောင့်ပင်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

## ၃၊ ၂။ ဦးတည်ချက်ဖြင့် ငြိလုံးသွင်းခြင်း

ဝတ္ထုတစ်ပုဒ်ဖန်တီးရာတွင် ဦးတည်ချက်သည် မရှိမဖြစ်အရေးပါလှပါသည်။ ဦးတည်ချက်မရှိဘဲ ဝတ္ထုတစ်ပုဒ် ဖန်တီး၍မရနိုင်ပေ။ ဦးတည်ချက်နှင့်ပတ်သက်၍ အောင်သင်းက စာပေရေးရာ ဆောင်းပါးများ(၁၉၇၈) စာအုပ်တွင် –

> ''ဝတ္ထုရေးသူ၏ အာဘော်သည် ဝတ္ထုဖတ်သူအဖို့ သင်ခန်းစာပင်ဖြစ် သည် ဟုဆို နိုင်သည်။ ယင်းသို့စာဖတ်သူ သင်ခန်းစာ(ခံစားသိ)ရစေရန် စေတနာထား ခြင်းကိုပင် ရေးသူ၏ရည်ရွယ်ချက် ဦးတည်ချက်ဟု ဆိုနိုင်သည်''(အောင်သင်း၊ ၁၉၇၈၊ ၃၂၀)

ဟု ဖွင့်ဆိုပြထားပါသည်။ စာရေးသူပြောလို၊ တင်ပြလို၊ အသိပေးလိုသော ဦးတည်ချက်ကို စာဖတ်သူတို့ ထပ်တူခံစားသိရှိသွားစေရန်အတွက် ငြိလုံးသွင်းခြင်းသည် စာရေးသူ၏ အတတ်ပညာတစ်ခုပင်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ စာဖတ်သူဘက်မှလည်း စာရေးသူပေးလို သော ဦးတည်ချက်လာ ဘဝအသိကို သိရှိခံစားကာ ဆင်ခြင်နှလုံးသွင်းသည့် သဘောမျိုးသည် ငြိလုံး၏ အာနိသင်ကြောင့်ပင်ဖြစ်ကြောင်း ယူဆနိုင်ပါသည်။

ဇေဦးယျာ၏ ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင် ဝတ္ထုသည် ဖခင်တစ်ယောက်၏ သားဖြစ်သူ အပေါ်ထားသောမေတ္တာစေတနာကို အဓိကဦးတည်ရေးဖွဲ့ထားသော ဝတ္ထု တစ်ပုဒ်ဖြစ်ပါသည်။ ဝတ္ထုတွင် ဆေးကျောင်းသားတစ်ယောက်က ဖခင် ကျောင်းဆရာ တစ်ယောက်၏ ဝင်ငွေဖြင့် ကျောင်းလခမလုံလောက်သဖြင့် ကျောင်းမှ ထောက်ပံ့ကြေး လျှောက်သည့် ဖြစ်ရပ်ကို အခြေခံကာ ဖခင်က သားဖြစ်သူကို လမ်းမှန်ရောက်အောင်ဆုံးမသည့် ဖခင်တစ်ယောက်၏ စေတနာ၊ ဖခင်တစ်ယောက်၏ အတ္တနှင့် ဖခင်၏ ဆုံးမလမ်းညွှန်မှုကြောင့် အမြင်မှန်ရသွားသော သားဖြစ် သူ၏ လူငယ်စိတ်သဘာဝကို အဓိကဦးတည်ကာ ဖန်တီး ထားပါသည်။ ထို့ပြင် လူတိုင်းတွင် ကိုယ်ချင်းစာနာစိတ်ရှိသင့်ပုံ၊ မိမိရသင့်သော အခွင့်အရေး ဖြစ်သော်လည်း သူတစ်ပါးက မိမိထက် လိုအပ်နေပါက လက်လွှတ်ပေးသင့်ပုံ၊ မိမိအတွက်သာ စဉ်းစားမိရာမှ သူတစ်ပါးအတွက်ပါ ထည့်သွင်းစဉ်းစားတတ်သော အလေ့အကျင့်ကောင်း ရလာစေချင်ပုံ စသည့် ဦးတည်ချက်များကို လည်း ပေါ်လွင်အောင်ဖန်တီးပြထားပါသည်။ ပြင်ပ လောကရှိ အသက်(၁၈) နှစ်အရွယ် လူငယ် တိုင်း ဖြစ်လေ့ဖြစ်ထရှိသည့် စရိုက်သဘာဝနှင့် ဖခင်တိုင်းတွင်ရှိသော သားသမီးအပေါ် ထားသော စိတ်စေတနာတို့ကို အခြေခံ ဖန်တီး ထားခြင်းဖြစ်ရာ ထိုဦးတည်ချက်ကြောင့်ပင် စာဖတ်သူတို့ အနေဖြင့် ဝတ္ထုနှင့်ပို၍တစ်သားတည်း

ဖြစ်လာစေသည်ဟု ယူဆနိုင်ပါသည်။ ထို့ပြင် လူသားတိုင်းတွင်ရှိသင့်သော၊ ထားသင့်သော ကိုယ်ချင်းစာစိတ်ကိုလည်း ဝတ္ထုဦးတည်ချက်မှ တစ်ဆင့် အသိအမြင်ပေးထားရာ ထိုအသိအမြင် သည်ပင် စာဖတ်သူများကို စွဲငြိစေသော ငြိလုံးပင်ဖြစ်ကြောင်း သတ်မှတ်နိုင်ပါသည်။

**၃၊ ၃။ ဇာတ်လမ်းဖန်တီးမှုဖြင့် ငြိလုံးသွင်းခြင်း**

ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လမ်းသည် အခြေခံကျသော အပိုင်းဖြစ်ပါသည်။ မည်သည့်အကြောင်း အရာများဖြစ်ပြီး ထိုအကြောင်းအရာများကြောင့် မည်သို့သောအကျိုးဆက်များ ဖြစ်လာနိုင်သည် ကို ဇာတ်လမ်းဇာတ်ကွက်များ၊ အားပြိုင်မှုများကို အသုံးပြု၍ ကျိုးကြောင်းဆက်စပ်မှုရှိအောင် ယုတ္တိရှိအောင် ဖန်တီးရသည့် သဘောမျိုးဖြစ်ပါသည်။ ဇာတ်လမ်းဇာတ်ကွက်ဖန်တီးမှုနှင့် ပတ်သက်၍ ဝင်းငြိမ်းက နှစ်ကြောင်းရေး တစ်ကြောင်းခြစ်(၂၀၀၉) စာအုပ်တွင်–

> ''ခိုင်မာတဲ့ဇာတ်အိမ်၊ ဇာတ်ကွက်ရှိမှသာ ဝတ္ထုတစ်ပုဒ်ဟာ လှပအောင်
> မြင်နိုင် ပါတယ်။ ဇာတ်ကွက်အားကောင်းနေရင် ရှေ့ဆက်ဘာဖြစ်မှာလဲ
> ဆိုတာ စာဖတ် သူသိချင်လာ တာပါပဲ'' (ဝင်းငြိမ်း၊ ၂၀၀၉၊ ၉၇)

ဟူ၍ ဖွင့်ဆိုပြထားရာ ဇာတ်လမ်းဖန်တီးမှုကောင်းသည်နှင့်အမျှ စာဖတ်သူ၏ စိတ်ကို ဆွဲဆောင် နိုင်ကြောင်းသိရှိနိုင်ပါသည်။ ထိုသို့ စာဖတ်သူကို ဆွဲဆောင်နိုင်ခြင်းသည်ပင် ငြိလုံး၏သဘော ပင်ဖြစ်သည်ဟု ယူဆနိုင် ပါသည်။

ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်ဝတ္ထုကို ဇာတ်လမ်းဖန်တီးရာတွင် အခန်း(၅)ခန်းဖြင့် ပုံဖော်ဖန်တီးထားပါသည်။ ဇာတ်လမ်းဇာတ်ကွက် ဖန်တီးရာတွင် ဇာတ်လမ်း အစမှ အဆုံးတိုင် 'ကျွန်တော်' ဟူသော နာမ်စားကိုသုံးကာ ကိုယ်တိုင်ပြောရှုထောင့်မှ ဖန်တီးထားသည့်အတွက် စာဖတ်သူနှင့် တစ်သားတည်းဖြစ်လာစေပါသည်။ ထိုသို့ စာဖတ်သူနှင့် ရင်းနှီးမှုယူကာတစ်သား တည်းဖြစ်လာစေခြင်းသည်ပင် ငြိလုံးပေးခြင်းသဘောဖြစ်သည် ဟု ဆိုနိုင်ပါသည်။

အခန်း(၁)တွင် ဆိုက်ကားဆရာကြီးနှင့် ကြက်ရိုးဟင်းပြိုင်တူဝယ်ခဲ့ပုံ၊ တစ်ပွဲစာပဲကျန် သဖြင့် ဆိုင်ရှင်က မည်သူ့ကိုပေးရမှန်းမသိဖြစ်နေသောအခါ မိမိသာရအောင်ကြိုးစားခဲ့ပုံ၊ ထိုသို့ ကြိုးစားခြင်းသည် တစ်လတွင် ငွေသုံးသောင်းသာ အိမ်ကထောက်ပံ့နိုင်သဖြင့် မလောက်ငရာ ချွေတာသုံးစွဲနေရပုံ စသည့်ဖြစ်ရပ်များကို ဇာတ်လမ်းအစတွင် ဖော်ပြထားပါသည်။

> ''ဆေးကျောင်းသား တစ်ယောက် အတွက် ဆိုက်ကားဆရာ
> တစ်ယောက် နှင့် ကြက်ရိုးဟင်းလုဝယ်ရသော အဖြစ်ကိုကြားလျှင်
> အများတကာ အတွက် ရယ်စရာ တစ်ပုဒ်များ ဖြစ်နေလေမလား၊
> ကျွန်တော်ကတော့ မရယ်နိုင်ပါ'' (စာ–၁၄)

ဟူသောအဖွဲ့ကြောင့် ငွေသုံးသောင်းနှင့်မလောက်သဖြင့် ဆိုက်ကားဆရာကြီးနှင့် ကြက်ရိုးဟင်း လုဝယ်နေရသော ဆေးကျောင်းသားတစ်ယောက်တွင် မည်သည့် အကြောင်းအရာများ ဆက်ဖြစ် မည်နည်းဟူသော သိချင်စိတ်ကို ဖန်တီးကာ ငြိလုံးသွင်းပေးလိုက်သော ဇာတ်ပျိုးပိုင်းဟု ယူဆ နိုင်ပါသည်။ ထို့နောက် အခန်း(၂)တွင် ဖခင်နှင့်သားဖြစ်သူတို့ ထောက်ပံ့ကြေးလျှော့ သည့်ကိစ္စ ဖြင့် အပြန်အလှန်ပြောကြသောအခန်းကိုဖန်တီးကာ ဝတ္ထု၏ အဓိကဦးတည်ချက်ကို ဖော်ကျူးပြ

ထားသည်။ ကျောင်းမှ ထောက်ပံ့ကြေးလျှောက်သည့်အဖြစ်သည် ငွေသုံးသောင်းနှင့် လောက်င အောင် မသုံးနိုင်သည့်အတွက်ဖြစ်ကြောင်း အကြောင်းပြချက်ကို ခိုင်လုံစေရန်အတွက် ဖခင်က 'ထောက်ပံ့ ကြေးဘာဖြစ်လို့လျှောက်တာလဲ' ဟူသော မေးခွန်းမေးသောအခန်းတွင်–

> ''တစ်လငွေသုံးသောင်းဆိုသော ပမာဏသည် ဆေးကျောင်းသား တစ်ယောက်ကို မဆိုထားနှင့်၊ သာမန်ကျောင်းသား တစ်ယောက် ပင်လျှင် တော်တော်ချွေချွေတာတာ သုံးနိုင်မှ လောက်ငနိုင်ပေမည်။ အဆောင်လခ၊ ဖယ်ရီခ၊ ကျောင်းလခ၊ စာအုပ်ဖိုးနှင့် အခြားခေါင်း စဉ်တပ်မရနိုင်သော အကြောင်းအရာများ၊ သည်အကြောင်းအရာတွေ အောက်မှ ငွေသုံးသောင်းဆိုသည်မှာ ဆင့်ပါးစပ်အတွင်း နှမ်းပက်နေ သလိုပင်။ ထမင်းစရိတ်တောင် မနည်းချန်သုံးနေရသည်။ ဒါတွေကို အဖေသိပါလေစ''(စာ -၁၅)

စသဖြင့် စိတ်တွင်းပြောဟန်မျိုးဖြင့် ရေးဖွဲ့တင်ပြထားပါသည်။ ထောက်ပံ့ကြေးလျှောက်ရသည့် အကြောင်းပြချက်အဖြစ် ကျိုးကြောင်းခိုင်လုံသော ဖြစ်ရပ်အခြေအနေကိုဖော်ပြပြီး ပြင်ပရှိ ကျောင်းသားတစ်ယောက်၏ ဘဝနှင့်လည်း ထပ်တူကျအောင် ယုတ္တိရှိသော အခြေအနေကို ဖန်တီးထားပါသည်။ ထိုသို့အများလက်ခံလာနိုင်သော အခြေအနေကို ဖန်တီးထားခြင်းသည်ပင် ပြေလုံးဖန်တီးသည့်သဘောဖြစ်ပါသည်။

ထို့နောက် သားဖြစ်သူ ထောက်ပံ့ကြေးလျှောက်သည့်ကိစ္စကို အလိုမကျသဖြင့် ဖခင်က မေးခွန်းများ မေးရာတွင် –

> ''သား ဒီထောက်ပံ့ကြေးကို ဘာဖြစ်လို့လျှောက်တာလဲ''(စာ-၁၄)
>
> ''အဖေတို့ပို့တဲ့ငွေနဲ့ သား မလောက်လို့လား၊ ဒါမှမဟုတ် လောက်အောင် မသုံးနိုင်တာလား''(စာ -၁၅)
>
> ''ဒုတိယနှစ်က တော်တော်ခက်နေလို့လား၊ အရေးကြီးတာက သား ကျူရှင်တက်မှ ဖြစ်တော့မှာလား''(စာ -၁၅)

စသောမေးခွန်းများကို ဇာတ်ဆောင်'ကျွန်တော်'နှင့်အတူ လိုက်ဖြေကြည့်ရင်း ဇာတ်လမ်းကို ပို၍ စွဲငြိလာမိအောင် ဖန်တီးထားပါသည်။

ဖခင်၏ မေးခွန်းများကြားတွင် ဝေခွဲမရသဖြင့် ဘေးကျပ်နံကျပ်ဖြစ်နေရသော ဇာတ်ဆောင်၏ ခံစားချက်များကို ဖော်ကျူးရာတွင် –

> ''အဖေ့မေးခွန်းတွေက ကျွန်တော့်အတွက် ကြောက်စရာကောင်းလာ သည်။ ပိသာလေးနှင့် ဘေးပစ်တာကမှ တော်ဦးမည်။ မေးခွန်းတစ်ခုနှင့် တစ်ခုကြားမှာ ကျွန်တော့်စိတ်တွေ တဖြည်းဖြည်း ကျုံ့ကျုံ့လိုက် နေသ လို''(စာ -၁၅)

> ''ဘာကြောင့်လဲ၊ တစ်လငွေလေးသောင်း ထောက်ပံ့ကြေး ကိုတောင် ငြင်းပယ်ခိုင်းရဲလောက်သော အဖေ့အကြောင်းပြချက်ကို ကျွန်တော် သိချင် စိတ် ပြင်းပြလာသည်'' (စာ -၁၆)

စသဖြင့် ဖခင်၏မေးခွန်းများကို ဖြေကြားရင်း စိတ်ထဲတွင် ဖြစ်ပေါ်နေသော အတွင်းစိတ်ခံစားမှုကို ပေါ်လွင်အောင် ဖန်တီးထားပါသည်။ ထိုသို့ဖန်တီးရာတွင် အတွင်းစိတ်ချင်းအားပြိုင်မှု သဘောကို သုံးထားသည့်အတွက် ဇာတ်လမ်းသည် ပို၍ကြွလာကာ ဆွဲဆောင်မှု ရှိလာသည်ကို တွေ့ရပါသည်။

ဖခင်ဖြစ်သူက ထောက်ပံ့ကြေးလျှောက်မည့်ကိစ္စကို တားမြစ်ရာတွင် –

> ''လူတွေအများကြီး တက်နေတဲ့ ကျောင်းမှာ သားထက်ကျောင်းတက်ဖို့ အခက်အခဲဖြစ်နေတဲ့သူတွေ ရှိမနေဘူးလို့သားထင်လို့လား''(စာ-၁၆)
>
> ''ရှိချင်လည်းရှိမည်။ ရှိချင်မှလည်းရှိနေလိမ့်မည်။ ကျွန်တော်နှင့်မဆိုင် ဟုတော့ ထင်သည်''(စာ-၁၆)
>
> ''မရှိဘူးဆိုရင်တော့ ထားပါတော့၊ သားရတာမှန်တယ်။ အေး တကယ်လို့ ရှိနေတယ်ဆိုရင်တော့ သူ့အတွက်အများကြီး နစ်နာသွားပြီ၊ သားအတွက်လည်း မကောင်းတော့ဘူး၊ အလှူရှင်တွေရဲ့ စေတနာတွေဟာ အလကားဖြစ်သွားနိုင်တယ်၊ သားရတဲ့ငွေလည်း မဖြူစင်တော့ဘူး၊ သားရော နောက်ကျောလုံလုံနဲ့ နေရဲမှာလား၊ သားစဉ်းစားကြည့်ပေါ့လေ၊ ကိုယ်ချင်းစာတရားဆိုတာ လူတိုင်းမှာ ရှိသင့်တယ်လို့တော့ အဖေထင်တယ်''(စာ-၁၆)
>
> ''အမှန်အတိုင်း တစ်လသုံးသောင်းဟု ဖြေလိုက်လျှင် ကျွန်တော် ထောက်ပံ့ကြေးငွေ မရနိုင်တော့မှာကို စိုးရိမ်သောကြောင့် လိမ်ပြောဖြစ်ခဲ့သည်။ ဒါကိုများအဖေသိလျှင်တော့ ကျွန်တော့ကို ဘယ်လောက်များ အပြစ်တင်လေမလဲ'' (စာ -၁၇)
>
> ''နောက်ထပ်တစ်ချက်ကတော့ အဖေတစ်ယောက်ရဲ့မာန၊ နောက်တစ်မျိုးပြောရရင်တော့ အဖေတစ်ယောက်ရဲ့ အတ္တပေါ့သားရယ်၊ ဘယ်မိဘမဆို ကိုယ့်သားသမီးရဲ့ လိုအင်ဆန္ဒကို ကိုယ်တိုင်ဖြည့်ဆည်းပေးချင်တာပေါ့၊ သူတစ်ပါးဝင်ရောက်စွက်ဖက်တာကို ဘယ်လက်ခံချင်ပါ့မလဲ'' (စာ-၁၇)
>
> ''ကျွန်တော်တစ်ခါမှ တွေးမထားခဲ့ဖူးသော အဖေ့မာနကို ထိပါးသလိုဖြစ်သွားပြီလားဟု နောင်တရမိသည်။ ကျွန်တော် မှားများသွားလေပြီလား'' (စာ -၁၈)

စသဖြင့် ဖခင်၏ ပြောစကားကို ဇာတ်ဆောင်ကျွန်တော်၏ အတွေးခံစားမှုများ ကြားညှပ်ကာ ဖန်တီးထားသည့် အတွက် ဇာတ်ဆောင်၏ စိတ်အခြေအနေကို ပို၍ နားလည်သဘောပေါက်လာပြီး ဇာတ်လမ်းကိုလည်း အကျိုးသင့်အကြောင်းသင့် ရွေ့လျားလာစေကြောင်း

တွေ့ရပါသည်။ ဝတ္ထု၏အဓိကဦးတည်ချက်ကိုလည်း ဖခင်၏ပြောစကားမှတစ်ဆင့် ဖော်ကျူးထားသည်ကို တွေ့ရပါသည်။ ဖခင်ကထောက်ပံ့ကြေးမယူသင့်ကြောင်း တားမြစ်ရာတွင် အကြောင်းပြချက်နှစ်ခုရှိကြောင်း၊ ပထမအချက်မှာ ထောက်ပံ့ကြေးသည် မတတ်နိုင်သည့်သူများကိုပေးခြင်းဖြစ်သဖြင့် သားဖြစ်သူထက် အခြေအနေဆိုးသော ကျောင်းသားများရှိနေနိုင်ကြောင်း၊ နောက်တစ်ချက်မှာ ဖခင်တစ်ယောက်၏အတ္တကြောင့် ဖြစ်ကြောင်းတို့ကို ရှည်ရှည်ဝေးဝေး ပြောပြဟန်ဖြင့် ဇာတ်တက်ပိုင်းကို ဖန်တီးထားပါသည်။

နောက်ဆုံးဖခင်၏ အကျိုးသင့် အအကြောင်းသင့် တားမြစ်မှုကို လက်ခံလိုက်ရသည့် အဖြစ် ကိုလည်း–

"အဖေက ဗီတိုမဆန်သောအာဏာဖြင့် ပယ်ချလိုက်သည်။ ကျွန်တော် အယူခံရှုံးသွား သည် ပေါ့လေ"(စာ –၁၈)

ဟူသောအဖွဲ့ဖြင့် ဖော်ပြထားရာ ဇာတ်ဆောင်နှင့်အတူ သက်ပြင်းမောကို ချလိုက်မိသည်အထိ ထပ်တူခံစားရ စေသောဇာတ်ကွက် ဟုဆိုနိုင်ပါသည်။

အခန်း(၃)တွင်မူ ဇာတ်ဆောင်က အဆောင်ရှေ့မှမိဘမဲ့ကလေးထိန်း ကျောင်းကိုကြည့်ကာ ဖခင်၏ ဆုံးမစကားများကို ကြားယောင်ပြီး ထောက်ပံ့ကြေးကို ပြန်ပေးရန် ဆုံးဖြတ်ခဲ့သည့်ဖြစ်ရပ်ကိုဇာတ်ဆောင်၏စိတ်အတွေးဖြင့် ဖန်တီး ပုံဖော် ထားပါသည်။ စိတ်ညစ်ညူးစရာတစ်ခုကြုံတိုင်း 'ငါ့အဖြစ်က သူတို့လောက် မဆိုးသေးပါဘူး' ဟုကာ မိဘမဲ့ ကလေးထိန်းကျောင်းကိုကြည့်ကာ စိတ်အားတင်းနေကျဖြစ်သော်လည်း ယခု အခါတွင် စိတ်အားမတင်းနိုင်ဘဲ ထောက်ပံ့ကြေး ပြန်ပေးရမည့်အဖြစ်ကြောင့် စိတ်လေး နေရသည့်ဖြစ်အင်ကို–

"အားလုံးအဆင်ပြေနေမှန်းသိလျက်နှင့် သည်ငွေလေးသောင်းကို ဘာကြောင့်များ အဖေငြင်းပယ်ချင်ပါသနည်း၊ ကျွန်တော် နားမလည် နိုင်" (စာ–၁၉)

"အဖေပြောနေကျ ကိုယ်ချင်းစာတရား၊ စာနာထောက်ထားမှုတရားတွေက တကယ်ရော အရေးပါရဲ့လား"(စာ –၁၉)

"အဖေ့နှုတ်မှ မကြာခဏ ကြားနေကျ နောက်ကျောလုံရမယ်၊ ပြီးတော့ ကိုယ်စားတဲ့ ထမင်းလုတ်ဟာ တတ်နိုင်သမျှ ဖြူစင်ရမယ် ဆိုတာတွေ နားထဲမှာ ကြားယောင် လာပြန်သည်" (စာ–၁၉)

"ထောက်ပံ့ကြေးငွေကိုပြန်အပ်ရမည်၊ သည်အကြောင်းတွေကိုတွေးရင်းရင်လေးနေမိသည်။ ပြန်မပေးဘဲ အဖေမသိအောင် သုံးနေလျှင်ရော၊ အကယ်၍များသိသွားလျှင်ရော အဖေခွင့်လွှတ်နိုင်ပါ့မလား၊ ခွင့်လွှတ်နိုင်ဦးတော့ အဖေ့မာနအတွက် အဖေစိတ်မကောင်း ဖြစ်မည်တော့ သေချာသည်။ မဖြစ်သေးပါ၊ ကျွန်တော့အတွက် အဖေစိတ်မဆင်းရဲစေချင်ပါ၊ ကျွန်တော်ရင်တွေမောရပါတယ်အဖေ၊ ဆုပ်လည်းဆူး၊ စားလည်းရူးတော့ မည်လား" (စာ –၁၉–၂၀)

စသဖြင့် ဇာတ်ဆောင်၏ စိတ်အတွင်း အားပြိုင်မှုများကို ဖန်တီးထားသည့်အတွက် ဇာတ်လမ်းသည် ပို၍ အသက်ဝင်လာစေသည်ကို တွေ့ရပါသည်။ အားပြိုင်မှုများကြောင့် ဇာတ်လမ်းသည် ဇာတ်ရှိန်တက်လာပြီး ဇာတ်ထွတ်ပိုင်းအတွက် စိတ်ဝင်စားမှုများ ဖြစ်လာအောင်ဆွဲဆောင်ကာ ငြိလုံးပေးထားသည်ဟု ဆိုနိုင်ပါသည်။

အခန်း (၄) တွင် ဇာတ်ဆောင်မှ ထောက်ပံ့ကြေးကို ပြန်လည်ပေးအပ်ရင်း တာဝန်ခံဆရာမကြီးနှင့် စကားပြောခန်းကိုဖန်တီးကာ စာဖတ်သူများ ဘဝင်ကျစေမည့် ဇာတ်ထွတ်ပိုင်းနှင့် ဇာတ်ဆင်းပိုင်းကို တစ်ဆက်တည်း ဖန်တီးထားပါသည်။ ထောက်ပံ့ကြေးပြန် ပေးရာတွင် ဆရာမကြီးက–

> ''သားဆုံးဖြတ်လိုက်တာမမှားပါဘူး၊ တကယ်တော့သား ဒီလိုဆုံးဖြတ်လိုက်တဲ့အတွက် ဆရာမတို့မှာ လူတော်တစ်ယောက်ကို ဆုံးရှုံးတော့မယ့်အခြေအနေက လွတ်မြောက်သွားတာပေါ့'' (စာ–၂၀)

ဟု အစချီကာ ထောက်ပံ့ကြေးလျှောက်ထားရာတွင် ဇာတ်ဆောင် 'ကျွန်တော်'ထက် ငွေကြေးမတတ်နိုင်သော အခြားကျောင်းသားတစ်ယောက်ရှိသော်လည်း စာတော်သူကို ရွေးချယ်ရသောကြောင့် အခြားကျောင်းသား တစ်ယောက်ကို ငွေကြေးမထောက်ပံ့နိုင်ခဲ့ကြောင်း၊ ထိုကျောင်းသား က ကျောင်းရပ်နားလာတင်သွားကြောင်း ရှင်းပြပုံကို တင်ပြထားပါသည်။

ဆရာမကြီး၏ ရှင်းပြမှုကို ကြားအပြီးတွင် မိမိ၏ ဆုံးဖြတ်ချက်ကိုလည်း ဝမ်းသာကြည်နူး ရသကဲ့သို့ ဖခင်ကိုလည်း ကျေးဇူးတင်အံ့သြမိရကြောင်း –

> ''အဖေ့ဗိုက်ထဲမှာ ပုဏ္ဏားရှိနေသလား ကျွန်တော်မတွေးတတ်တော့၊ နောက်ကျောမလုံသည့် ထမင်းကို မစားမိအောင် ကျွန်တော့်ကို အဖေကယ်တင်လိုက်ခြင်းပင်။ ကြက်သီး တဖြန်းဖြန်း ထလာသလို ကြည်နူးမှုတွေကလည်း အတိုင်းမသိ''(စာ–၂၁)
>
> ''ကျွန်တော့မျက်ရည်တို့ကို ကျွန်တော်ကိုယ်တိုင်တောင် မထိန်းနိုင်၊ တစ်ဖက်ကတော့ အဖေ့စကားကို ကျေးဇူးတင်လျက်။ တစ်ဖက်မှာတော့ ကိုယ့်မိုက်ပြစ်ကို ကျွန်တော်ကိုယ်တိုင် နောင်တရလျက်၊ ဝမ်းသာ၊ ဝမ်းနည်းကို အခုမှ တစ်ပြိုင်တည်း ခံစားဖူးရ သည့်အလား။ မဖော်ပြနိုင်လောက်သော ခံစားမှုတို့သည် ရင်ထဲမှာ စုန်လျက် ဆန် လျက်'' (စာ – ၂၂)

စသဖြင့် ဇာတ်ဆောင်၏ အတွေးစိတ်ကူးဖြင့် ဖန်တီးထားရာ ဇာတ်ဆောင်နှင့်အတူ ကြည်နူးမှုထပ်တူခံစား မိစေပါသည်။ ဇာတ်ဆောင်၏ အမြင်မှန်ရမှု၊ ကြည်နူးမှု၊ ဝမ်းနည်းမှု စသည့် အတွေးစိတ်ကူးများအတိုင်း တိုက်ရိုက်ခံစားမိစေအောင် ဇာတ်ကွက်ဆင်ဖန်တီးထားသည့်အတွက် ဇာတ်လမ်းသည် ပို၍ထင်ရှားလာပြီး စာဖတ်သူနှင့် တစ်သားတည်းဖြစ်လာအောင် ဖန်တီးထားသည်ကို တွေ့ရပါသည်။ ထိုသို့ ဆွဲဆောင်ဖန်တီးထားခြင်းသည်ပင် ငြိလုံးတစ်ခု ဖြစ်ကြောင်း ယူဆနိုင်ပါသည်။

အခန်း(၅) နိဂုံးပိုင်းတွင်မှ ဆိုက်ကားဆရာကြီးနှင့် ကြက်ရိုးဟင်း ပြိုင်တူဝယ်ဖြစ်ပုံကို ဖန်တီးထားပါသည်။ ဝတ္ထု၏အခန်း(၁)တွင် စဖွင့်ခဲ့သည့်ဖြစ်ရပ်မျိုးကိုပင် ဖန်တီးထားသော်လည်း စိတ်စရိုက်ခံယူချက်များ ပြောင်းလဲလာမှုကို –

> ''ကြက်ရိုးအပေါ် ခုံမင်တွယ်တာနေစိတ်ထက် ကိုယ်ချင်းစာတရားတို့
> ကျွန်တော့်ရင်ထဲတွင် ကိန်းအောင်း နေသောကြောင့်လားတော့မသိ၊
> ကျွန်တော့်နှုတ်မှ စကားတစ်ခွန်း ထွက်သွားသည်။
> 'တစ်ယောက်တစ်ဝက်စီခွဲပေးပါ အစ်မ' ''(စာ–၂၃)

ဟူသောအဖွဲ့ဖြင့် ဖော်ပြထားပါသည်။ ပထမဆုံးဇာတ်အဖွင့်နှင့် အချိတ်အဆက်မိအောင် ဖန်တီးထားပြီး ဇာတ်ဆောင်၏ ပြောင်းလဲသွားသော ခံယူချက်စိတ်စရိုက်အခြေအနေကိုပါ ပေါ်လွင်အောင် တင်ပြလိုက်သည့်အတွက် နှစ်သက်မှုဘဝင်ကျမှုကို ခံစားရစေသော ဇာတ်သိမ်း ဖန်တီးမှုဟုဆိုနိုင်ပါသည်။

ဇာတ်လမ်းတစ်ခုလုံးကိုကြည့်လျှင် စာရေးသူပေးလိုသော ဦးတည်ချက်ကိုရောက်အောင် ဇာတ်လမ်းအစမှ အဆုံးတိုင် အချိတ်အဆက်မိမိနှင့် ဖန်တီးသွားနိုင်သည်ကို တွေ့ရပါသည်။ ကိုယ်တိုင်ပြောရှုထောင့်ကို အသုံးပြုထားခြင်းကြောင့် ဇာတ်ဆောင်နှင့်စာဖတ်သူတို့ တစ်သားတည်းဖြစ်ကာ ဇာတ်ဆောင်နှင့်အတူ ဇာတ်လမ်းရွေ့လျားမှုများအတိုင်း စီးမျောခံစားရစေပါသည်။ ဇာတ်ပျိုးပိုင်းမှစကာ ဇာတ်လမ်းဇာတ်ကွက်များ ဖန်တီးရာတွင် ဇာတ်ဆောင်ချင်းအားပြိုင်မှု၊ စိတ်တွင်းအားပြိုင်မှုများကို အသုံးပြုထားသည့်အတွက် ဇာတ်လမ်းသည် ပို၍အသက်ဝင်လာစေသည်ကို တွေ့ရပါသည်။ ထို့ပြင် ပြင်ပလောကရှိလူသားတိုင်း ဖြစ်လေ့ဖြစ်ထရှိသော စိတ်စရိုက်များကို ဇာတ်ဆောင်နှင့်အံဝင်ခွင်ကျအောင် ယုတ္တိရှိရှိဖန်တီးပုံဖော်ထားသည့်အတွက် ဇာတ်လမ်းသည် ပို၍ပီပြင်ပေါ်လွင်မှုရှိလာပြီး ဇာတ်လမ်းဆုံးသွားသော်လည်း စာရေးသူ ပေးလိုသော အတွေးအသိသည် စာဖတ်သူ၏ စိတ်ထဲတွင် စွဲကျန်ရစ်နေစေခဲ့ကြောင်း တွေ့မြင် ရပါသည်။ ထိုသို့ ဇာတ်လမ်းဆုံးသွားသည့်တိုင် ခံစားမှုတစ်ခုခုကျန်ရစ်အောင် အတွေးအသိ တစ်ခုခုရခြင်းသည် ပြိုလုံး၏ သဘောပင်ဖြစ်ကြောင်း ယူဆမိပါသည်။

## ၃၊ ၃။ ဇာတ်ဆောင်ဖန်တီးမှုဖြင့် ပြိုလုံးသွင်းခြင်း

ဇာတ်ဆောင်ဆိုသည်မှာ ဇာတ်လမ်းကိုဖော်ဆောင်ရန် စာရေးသူက စိတ်ကူးဖြင့် ဖန်တီးထားသော သူပင်ဖြစ်ပါသည်။ ဇာတ်ဆောင်နှင့်ပတ်သက်၍ ဝင်းငြိမ်းက နှစ်ကြောင်းရေး တစ်ကြောင်းခြစ် (၂၀၀၉) စာအုပ်တွင် –

> ''ဇာတ်ကောင်(ဇာတ်ဆောင်)ဆိုတာ စာရေးဆရာက သူတို့အတွက်
> ဖန်တီးထားတဲ့ ကမ္ဘာထဲကလူတွေပဲ။ ဒါကြောင့် သူတို့ကလည်း ပြင်ပ
> ကမ္ဘာကလူတွေလိုပဲ တွေ့ကြုံရ မှာပဲ၊ သူတို့မှာလည်း အာရုံငါးပါး
> ခံစားမှုရှိရမယ်၊ အဲဒီလို အာရုံငါးပါး ခံစားမှုပေး ထားမှ စာဖတ်တဲ့
> သူနဲ့တစ်သားတည်းဖြစ်သွားပြီး ဝတ္ထုထဲက ဇာတ်ဆောင်တွေကလည်း

> ပြင်ပကမ္ဘာက သက်ရှိလူတွေလို ဖြစ်လာပါလိမ့်မယ်၊ ဒီတော့ စာဖတ်တဲ့သူက သူတို့ကို တကယ့်လူတွေလို့ ယုံကြည်သွားပြီး ခံစားလို့ရသွားပါတယ်" (ဝင်းငြိမ်း၊ ၂၀၀၉၊၇၄-၇၅)

ဟူ၍ ဇာတ်ဆောင်များသည် ပြင်ပရှိလူများနှင့်တူမှသာ စာဖတ်သူများက လက်ခံနိုင်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။ စာဖတ်သူတို့လက်ခံလာအောင် ဇာတ်ဆောင်များကို ဖန်တီးခြင်းသည် ဝတ္ထုတို အတတ်ပညာတစ်ရပ်ဖြစ်ပြီး ပြောင်လုံးဖန်တီးမှု သဘောပင်ဖြစ်ပါသည်။ ယခုလေ့လာတင်ပြမည့် ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင် ဝတ္ထုတွင် ဇာတ်ဆောင်အနေဖြင့် ဇာတ်ဆောင် 'ကျွန်တော်'ကို ပင်တိုင်ထားကာ ဆိုက်ကားဆရာကြီး၊ ဖခင်ဖြစ်သူ၊ ဆရာမ တို့နှင့် အပြန်အလှန်စကားပြောကြဟန်မျိုး ဖန်တီးထားပါသည်။ အဓိကဇာတ်ဆောင်ကို ဖန်တီးရာတွင် 'ကျွန်တော်' ဟူသော နာမ်စားကိုသုံးကာ ကိုယ်တိုင်ပြောရှုထောင့်ကို အသုံးပြုထားသည့်အတွက် စာဖတ်သူနှင့် ပို၍ရင်းနှီးမှုရှိလာစေသည့်သဘောကို တွေ့ရပါသည်။ ဇာတ်ဆောင် 'ကျွန်တော်' ၏ လှုပ်ရှားပြုမူ ပြောဆို လုပ်ကိုင်ပုံများကို စာဖတ်သူများအနေဖြင့် တစ်သားတည်း ခံစားမိလာအောင် ဖန်တီးထား သည်ကို တွေ့ရပါသည်။ ထို့ပြင် ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင် ဝတ္ထုပါ ဇာတ်ဆောင်စရိုက်များကို လေ့လာရာတွင် ပုဂ္ဂလိကစရိုက်ကို ဦးစားပေး ဖော်ကျူး ထားပြီး ကိုယ်ကျင့်တရား ကောင်းမွန်ရေး ကို ရှေးရှုသော ဝတ္ထုပီပီ ဇာတ်ဆောင် အားလုံး၏ စရိုက်ကို စာရေးသူ၏စိတ်ကူးအရ နေရာချ ထားသည့် ဖန်တီးမှုမျိုးကို တွေ့ရပါသည်။

အဓိကဇာတ်ဆောင်ကိုဖန်တီးရာတွင် ဆိုက်ကားဆရာကြီးနှင့် ကြက်ရိုးလုဝယ်သည့် အဖြစ်မှတစ်ဆင့် စျေးသက်သာသော ကြက်ရိုးဟင်းကို ဝယ်စားနေရသဖြင့် မိမိဘဝကို အလိုမကျဖြစ်နေသော ခံစားမှုကို ဖော်ကျူးပြကာ ရှေ့ဆက်၍ မည်သည့်ဖြစ်ရပ်မျိုး ဆက်လက်ဖြစ်တော့မည်ကို သဲလွန်စပေးထားပါသည်။ ဇာတ်ဆောင်နှင့် ဇာတ်ဆောင်၏ စရိုက်သဘာဝအခြေအနေကို ဦးစွာတင်ပြခြင်းဖြင့် စာဖတ်သူကို ပြောင်လုံးပေး ထားသည့် သဘောပင်ဖြစ်ပါသည်။

ထို့နောက် ထောက်ပံ့ကြေးယူသည့်ကိစ္စကို ဖခင်ဖြစ်သူကတားမြစ်သော်လည်း ဖခင်၏စကားကို နားထောင်ခဲ့ရသော်လည်း လူငယ်ပီပီ ရှေ့ရေးကို မတွေးဘဲ အလိုမကျဖြစ်ခဲ့ရပုံ၊ ဒွိဟစိတ်များဖြင့် စိတ်ထဲတွင် အမျိုးမျိုးတွေးတောစဉ်းစားနေပုံ၊ နောက်ဆုံးဖခင်၏ စကားကိုနားထောင်ကာ ထောက်ပံ့ကြေးကိုပြန်အပ်ခဲ့ပုံ၊ ဆရာမကြီး၏ရှင်းပြချက်အရ မိမိအောက်ငွေကြေး အဆင်မပြေသူရှိကြောင်းသိရသဖြင့် မိမိ၏ဆုံးဖြတ်ချက်အပေါ် ကျေနပ်မိရပုံ၊ ဖခင်ကိုကျေးဇူး တင်မိရပြီး မိမိ၏ ခံယူချက်၊ စိတ်စရိုက်တို့လည်း ပြောင်းလဲသွားရပုံတို့ကို ကိုယ်တိုင်ပြောစကား များမှတစ်ဆင့် ဖန်တီးထားပါသည်။ အဓိကဇာတ်ဆောင်ကို အဆိုးမှအကောင်းသို့ ပြောင်းလဲ လာသော စရိုက်ရှင်အဖြစ် ဖန်တီးလိုက်ခြင်းဖြင့် ဇာတ်လမ်းသည် ပို၍ သက်ဝင်ပီပြင်လာ စေသည်ကို တွေ့မြင်ရ ပါသည်။

အရံဇာတ်ဆောင်များဖန်တီးရာတွင်လည်း ကိုယ်ကျင့်တရားကောင်းမွန်ရေးတွင် မှန်ကန်စွာ တည့်မှတ်ပေးနိုင်မည့် ဆရာ၊ ဆရာမ ဇာတ်ဆောင်ကို ဖန်တီးထားပါသည်။ မူလက မိမိအတွက်သာ စဉ်းစားသော၊ မိမိ အတွက်သာကြည့်တတ်သော၊ တစ်ကိုယ်ကောင်းဆန်သော စရိုက်မှ သူတစ်ပါးအတွက် ကြည့်တတ်သော၊ ကိုယ်ချင်းစာတရားပြည့်ဝသော စရိုက်သို့

ပြောင်းလာအောင် တည့်မတ်ပေးနိုင်သည့် အရံဇာတ်ဆောင်များအဖြစ် လူငယ်တစ်ယောက် အနေဖြင့် အလိုလို လေးစားနိုင်လောက်သည့် ဆရာတစ်ယောက်ဖြစ်သူ ဖခင်ဇာတ်ဆောင်နှင့် ဆရာမကြီး ဇာတ်ဆောင်ကို အကွက်ကျကျဖန်တီး ပုံဖော်ထားသည်ဟု ဆိုနိုင်ပါသည်။ ဆိုက်ကား ဆရာကြီးကိုမူ အဓိကဇာတ်ဆောင်၏ ပြောင်းလဲသွားသော စိတ်စရိုက် အခြေအနေ ကို ထင်ရှား လာအောင် ပြိုင်ဘက် ဇာတ်ဆောင်အနေဖြင့် ထည့်သွင်း ဖန်တီး ထားသည်ဟု ဆိုနိုင်ပါသည်။ လူလူချင်းကိုယ်ချင်းစာနာစိတ်ထားသင့်ကြောင်း ဦးတည်ချက် ကို ထင်ရှားစေရန် လူနေမှုအဆင့် အတန်းမတူညီသော ဆိုက်ကားဆရာကြီးကို အရံဇာတ်ဆောင် အဖြစ် ဖန်တီးထားသည်ဟု ယူဆ နိုင်ပါသည်။ ပြင်ပလောကနှင့်ယှဉ်လျှင် အများက လက်ခံ နိုင်မည့်၊ ယုတ္တိရှိစေမည့် ဇာတ်ဆောင် များကို အသုံးပြုဖန်တီးထားသည့်အတွက် စာဖတ်သူများ အနေဖြင့် ဇာတ်ဆောင်များနှင့် တစ်သားတည်း ခံစားလာရကာ ဇာတ်လမ်းကို စွဲငြိလာစေ နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃၊ ၄။ ကာလဒေသနောက်ခံဖြင့် ငြိလုံးသွင်းခြင်း

ကာလဒေသနောက်ခံသည် ဝတ္ထုပါဇာတ်လမ်း၊ ဇာတ်ဆောင်တို့အတွက် နောက်ခံကားသည် အရေးပါလှပါသည်။ နောက်ခံဝန်းကျင်ခိုင်လုံမှုရှိသည်နှင့်အမျှ ဇာတ်လမ်းနှင့်ဇာတ်ဆောင် တို့သည်လည်း ရုပ်လုံးကြွလာစေနိုင်သည်ကို တွေ့ရပါသည်။ ကာလဒေသ နောက်ခံဟု ဆိုရာတွင် အချိန်ကာလနောက်ခံ၊ ဒေသနောက်ခံ၊ လုပ်ငန်းဝန်းကျင်နောက်ခံ၊ လူမှုဝန်းကျင် နောက်ခံ စသဖြင့် အသုံးပြုဖန်တီးလေ့ရှိပါသည်။ နောက်ခံဝန်းကျင်များကို ဝတ္ထုရှည်များတွင် အဓိကထားအလေး ပေးဖော်ပြလေ့ရှိသော်လည်း ဝတ္ထုတိုများတွင်မူ အနည်းငယ်မျှသာ တင်ပြလေ့ရှိတတ်ပါသည်။

ယခုလေ့လာတင်ပြထားသော ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်ဝတ္ထုမှာ ဝတ္ထုတိုဖြစ် သည့်အလျောက် နောက်ခံဝန်းကျင်ကို အဓိကအသားပေးဖန်တီးထားခြင်းမရှိပေ။ သို့သော် စာဖတ်သူများအနေဖြင့် ရင်းနှီးပြီးသား ဖြစ်စေမည့် ဆေးကျောင်းသားတစ်ယောက်၏ ဘဝ အခြေအနေ နောက်ခံကို အဓိကထားဖန်တီးကာ ဖခင်နှင့် သားဖြစ်သူ၏ ဘဝအခြေအနေနှင့် ဆက်ဆံရေးနောက်ခံ၊ ကျောင်းသားနှင့် ဆရာမတစ်ယောက်၏ ဆက်ဆံရေး နောက်ခံသဘော စသည့် လူမှုဝန်းကျင်များကို ဖန်တီးထားပါသည်။ အမှားကို မှားမှန်းမသိဘဲ ငွေကြေးကို ပိုသုံးချင်သော လူငယ်တစ်ယောက်၊ သားဖြစ်သူ၏ ပညာရေးအတွက် ကြိုးစားရုန်းကန် ပေးချင်သော၊ သားဖြစ်သူကို လမ်းမှန်ရောက်အောင် တည့်မတ်ပေးလိုသော ဖခင်တစ်ယောက်၊ အမှားကို မှားမှန်းသိပြီး လာရောက်ဝန်ခံသောတပည့်ကို အပြစ်မတင်ဘဲ ချီးကျူးခဲ့သော ဆရာမတစ်ယောက် စသည့် ဆက်စပ်နေသော လူမှုဝန်းကျင်များကို ဖန်တီးကာ ဇာတ်လမ်းနှင့် လိုက်ဖက်အောင် အံဝင်ခွင်ကျဖန်တီးထားသည့်အတွက် ဦးတည်ချက် ကို ပို၍ပေါ်လွင်လာ စေသည်ကို တွေ့မြင်ရပါသည်။ စာဖတ်သူအနေဖြင့်လည်း မိမိကျင်လည်ရာ ပတ်ဝန်းကျင်ကိုပါ

သတိထားမိစေပြီး စာရေးသူပေးလိုသော အသိအမြင်ကိုပါ ရိပ်မိလာစေနိုင်သည်ကို တွေ့ရပါသည်။

ဒေသနောက်ခံအဖြစ်မူမကွေးဆေးတက္ကသိုလ်တွင် ကျောင်းတက်နေသော ဆေးကျောင်းသားတစ်ယောက်အဖြစ်သာ ဖော်ပြထားပါသည်။ ထို့ပြင် ဖခင်က ထောက်ပံ့ကြေး ပြန်ပေးခိုင်းလိုက်ရာ ဒွိဟစိတ်များဖြင့် ဝေခွဲမရဖြစ်နေချိန်တွင် အဆောင်ရှေ့ရှိ မိဘမဲ့ကလေးထိန်းကျောင်းရှိသည့် ဒေသနောက်ခံကို ဇာတ်ဆောင်၏အပြောဖြင့် ထည့်သွင်းဖန်တီး ထားပါသည်။ မိမိတွင်အခက်အခဲကြုံလာတိုင်း ထိုကျောင်းလေးမှ ကလေးများကိုကြည့်ကာ အားမွေးခဲ့ရသည့် ဇာတ်ဆောင်၏ စိတ်အခြေအနေကို တင်ပြရာတွင် လိုက်ဖက်သော နောက်ခံအဖြစ် ဖန်တီးပေးထားပါသည်။ ထိုနောက်ခံအဖွဲ့သည် ဇာတ်ဆောင်၏ အခြေအနေနှင့် လိုက်ဖက်အောင် အံဝင်ခွင်ကျအောင် ဖန်တီးပေးနိုင်သော နောက်ခံဝန်းကျင်ဖြစ်ပြီး ဇာတ်လမ်းရွေ့လျားမှုအတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးနိုင်သော နောက်ခံဝန်းကျင်အဖွဲ့ဖြစ်ကြောင်း ယူဆနိုင်ပါသည်။

### ၃၊ ၅။ ဇာတ်အဖွင့်အပိတ်ဖြင့် ငြိလုံးသွင်းခြင်း

ဝတ္ထုအဖွင့်၏ သဘောမှာ ဝတ္ထုတိုတစ်ပုဒ်လုံးစလယ်ဆုံးအပြီးသတ်သည်အထိ စာဖတ်သူစိတ်ဝင်တစား ဖတ်ရှုလိုစိတ်ပေါ်ပေါက်အောင် ဝတ္ထုစစချင်း ဖမ်းစားဆွဲဆောင်ရသည့် အပိုင်းဖြစ်သည်။ ထိုအဖွင့်သည် ဝတ္ထု ၏ ဦးတည်ချက်၊ ဝတ္ထုစာကိုယ်၊ ဝတ္ထုနိဂုံးတို့နှင့် ဆက်စပ်မှုရှိရမည်ဖြစ်ပါသည်။ ဝတ္ထု အဖွင့်နှင့်ပတ်သက်၍
အောင်သင်းက ကျွန်တော်အကြိုက်ဆုံးဝတ္ထုတိုများ (၁၉၈၄) တွင် –

> ''ဝတ္ထုတိုအဖွင့်သည် စာဖတ်သူကို ချက်ချင်းဖမ်းစားနိုးကြားစေခြင်း၊ ထိုအဖွင့်သည် ဝတ္ထုတိုအတွက် အရေးကြီးသော ဇာတ်ဝင်ခန်းဖြစ်နေခြင်းဟူသော အင်္ဂါနှစ်ရပ် ပြည့်စုံစေသည့် တာဝန်ကို ထမ်းဆောင်နိုင်လျှင် အဖွင့်ကောင်းဖြစ်သည်'' (အောင်သင်း၊ ၁၉၈၄၊ ၁၂၇)

ဟု စာဖတ်သူ၏ အာရုံကိုဆွဲဆောင်နိုင်ရန်နှင့် ဝတ္ထု၏ အစအလယ်အဆုံးတို့သည် အဆက်အစပ်ရှိရန် အရေးကြီးကြောင်း တင်ပြထားပါသည်။ ဝင်းငြိမ်းကလည်း နှစ်ကြောင်းရေး တစ်ကြောင်းခြစ်စာအုပ်(၂၀၀၉) တွင်–

> ''ဖတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရှေ့ဆက်ဘာဖြစ်မှာပါလိမ့်လို့ စာဖတ်သူရဲ့စိတ်ကို နှိုးဆွပေးနိုင်တဲ့ အင်အားရှိရမယ်'' (ဝင်းငြိမ်း၊ ၂၀၀၉၊ ၁၄)

ဟူ၍ ဝတ္ထုအဖွင့်သည် စာဖတ်သူကို ဆွဲဆောင်နိုင်ရန်လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ဝတ္ထုအဖွင့်မှာပင် ငြိလုံးကို ပေးစွမ်းနိုင်ရန်လိုအပ်ကြောင်း တင်ပြထားပါသည်။ ဝတ္ထုအဖွင့်သည်အရေးကြီးသကဲ့သို့ အပိတ်သည်လည်း အရေးကြီးကြောင်း သိရပါသည်။ ဝတ္ထုပြီးဆုံးသွားသည့်တိုင် စာဖတ်သူ၏ စိတ်ထဲတွင် ပြီးပြီးရော ပျောက်ပျက်မသွားဘဲ နှစ်သက်မှုတစ်စုံတစ်ရာနှင့်ယှဉ်ကာ တွေးစရာဆန်းစစ်စရာ ကျန်ရစ်စေခဲ့သည့် နိဂုံးအဆုံးသတ်ပုံမျိုး လိုအပ်ကြောင်း

သိရှိရပါသည်။ နိဂုံးအဆုံးသတ်ပုံနှင့် ပတ်သက်၍ သူရိယကန္တိက ဝတ္ထုရေးလိုသော် (၁၉၅၇) စာအုပ်တွင် –

> ''ဝတ္ထုတိုဖတ်ရှုပြီးဆုံးသည်နှင့် စာဖတ်သူ၏စိတ်နှလုံးဝယ် ရသ(၉) မျိုးရှိသည့်အနက် တစ်မျိုးမျိုးကိုခံစားလျက် ကျန်ခဲ့စေနိုင်သော သတ္တိ ထူးရှိမှသာလျှင် ဝတ္ထုကောင်းဟု ဆိုနိုင်ပါသည်'' (သူရိယကန္တ၊ ၁၉၅၇၊ ၁၅၆)

ဟု ဆိုထားရာ ဝတ္ထု၏ အဆုံးသတ်သည် စာဖတ်သူအတွက် တစ်ခုခုကျန်ရစ်ခဲ့ရန် တစ်နည်းအားဖြင့် စွဲငြိသွားစေရန် လိုအပ်ကြောင်း၊ ထိုမှသာ ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်နိုင်ကြောင်း တင်ပြထားပါသည်။

အချို့ဝတ္ထုများတွင် အဖွင့်နိဒါန်းနှင့် အပိတ်နိဂုံးကို ညီညွတ်အောင် ဖန်တီးခြင်းဖြင့် စာဖတ်သူကို ငြိလုံးပေးလေ့ရှိပါသည်။ ထိုသဘောအတိုင်းပင် ယခုလေ့လာတင်ပြထားသော ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင် ဝတ္ထုတွင် အဖွင့်အပိတ်ကို ညီအောင် ဖန်တီးရေးသားထားပြီး စာဖတ်သူ၏ အာရုံကို မလွတ်သွားအောင် ငြိလုံး ပေးထားသည်ကို တွေ့မြင်နိုင်ပါသည်။ ဝတ္ထုအစတွင် ဆိုက်ကားဆရာကြီးနှင့် ဆေးကျောင်းသား 'ကျွန်တော်'တို့ ကြက်ရိုးဟင်းကို ပြိုင်တူဝယ်ဖြစ်ခဲ့ပုံဖြင့် ဇာတ်လမ်းကို စတင်ဖွင့်ထားပြီး အဆုံးသတ်တွင်လည်း ထိုသို့ ကြက်ရိုးဟင်းဝယ်ပုံဖြင့်ပင် အဆုံးသတ်ထားပါသည်။ ဝတ္ထု ၏ နိဒါန်းပိုင်းဖြစ်သော အခန်း(၁)တွင်–

> ''အစ်မကြက်ရိုး ကျန်သေးလား''
>
> ''ညီမလေးရေ ကြက်ရိုး ကျန်သေးလား''(စာ–၁၃)

ဟု ပြိုင်တူမေးလိုက်ပုံဖြင့် အစချီကာ နောက်ဆုံးအခန်းအဆုံးသတ်တွင်လည်း ထိုစကားဖြင့်ပင် စတင်ထားပါသည်။ အဖွင့်နှင့်အပိတ်ကို ဟန်ချက်ညီအောင် ဖန်တီးထားသော်လည်း ဇာတ်ဆောင်၏ စိတ်အခြေအနေပေါ်မူတည်၍ ဖြစ်ရပ်ချင်းမတူညီပုံကို ခွဲခြားပြထားသည်ကို တွေ့နိုင်ပါသည်။ ပထမအခန်းတွင် ကြက်ရိုးဟင်းကို ပြိုင်တူဝယ်မိပါလျက် မိမိ အရင်ရောက်သဖြင့် မိမိသာ ပိုင်ဆိုင်ရမည်ဟု ယူဆကာ အရယူခဲ့ပုံကို –

> ''ကျွန်တော်အရင်ရောက်တာ။ ကျွန်တော်ယူမယ်''(စာ –၁၃)

ဟူသော ဇာတ်ဆောင်၏ ပြောစကားဖြင့် ဖန်တီးပြထားပြီး နောက်ဆုံးနိဂုံးတွင်မူ ကြက်ရိုးဟင်းကို ပြိုင်တူ ဝယ်မိပါလျက်နှင့် သူများအပေါ်ထားသော ကိုယ်ချင်းစာစိတ်အပြည့်ဖြင့် သူတစ်ပါးအတွက် ခွဲဝေပေးခဲ့ပုံကို –

> ''တစ်ယောက်တစ်ဝက်စီ ခွဲပေးပါအစ်မ'' (စာ –၂၃)

ဟူသော ဇာတ်ဆောင်၏ ပြောစကားနှင့်ပင် ဖန်တီးပြထားသည်။ အဖွင့်နှင့်အပိတ်တူညီမှုရှိအောင် တမင်ဖန်တီးပြီး မတူညီတော့သော ဆန့်ကျင်ဘက် စိတ်ထားနှစ်ခုကို ယှဉ်ပြလိုက်ခြင်းဖြင့် စာရေးသူပေးလိုသော အသိအမြင်သည် ပို၍လေးနက်မှုရှိလာပြီး စာဖတ်သူ၏ စိတ်ထဲတွင် တသသစွဲငြိမှုဖြစ်လာစေသည်ကို ယူဆမိပါသည်။

## ခြုံငုံသုံးသပ်ချက်

ဝတ္ထုဆိုသည်မှာ လူ့ဘဝအကြောင်းများကို ဖန်တီးပုံဖော်ထားခြင်းဖြစ်ရာ လူ့ဘဝနှင့် ပို၍နီးစပ်မှုရှိ သည်ဟု ဆိုနိုင်ပါသည်။ ဝတ္ထု တစ်ပုဒ်ဖန်တီးရာတွင် ပြင်ပလောကရှိ အတွေ့အကြုံဖြစ်ရပ်များ အပေါ်မူတည်ကာ စာရေးသူဘက်မှ ခံစားဖန်တီးရသကဲ့သို့ စာဖတ်သူဘက်မှလည်း မိမိ၏အတွေ့ အကြုံအပေါ်မူတည်ကာ ခံစားသိမြင်ရသည့်သဘောရှိပါသည်။ ဝတ္ထု တစ်ပုဒ်ကို ဖတ်လိုက် သည်နှင့် လက်ကမချချင်အောင်ဆွဲဆောင်နိုင်ပြီး ဝတ္ထု ဆုံးသွားသော်လည်း စာဖတ်သူ၏ စိတ်ထဲ တွင် အတွေးအသိ တစ်စုံတစ်ရာရရှိခံစားသွားရခြင်းသဘောသည် ငြိလုံး၏ သဘောဖြစ်ပါသည်။ ထိုသဘောကို ပေါ်လွင်လာအောင် ဇေဦးယျာ၏ ကြယ်စင်သစ်ကို လင်းတဲ့ရင်ခွင် ဝတ္ထုကို အလေ့ လာခံအဖြစ်ထားကာ လေ့လာတင်ပြထားပါသည်။

ထိုသို့လေ့လာရာတွင် ဝတ္ထုအမည်ပေးပုံ၊ ဦးတည်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံနှင့် ဇာတ်အဖွင့်အပိတ်တို့တွင် ငြိလုံးသွင်းဖန်တီးသည့်သဘောများကို လေ့လာတင်ပြထားပါသည်။ ကြယ်စင်သစ်ကိုလင်းတဲ့ရင်ခွင်ဝတ္ထုတွင် ဦးတည်ချက်ကိုပေါ်လွင်စေမည့် အမည်ပေးပုံကို ဖန်တီးထားပြီး ဝတ္ထုတစ်ပုဒ်လုံးတွင် ကိုယ်တိုင်ပြောရှုထောင့်ကို အသုံးပြုကာ စာဖတ်သူနှင့်ရင်းနှီးမှုရယူပြီး ငြိလုံးသွင်း ထားသည့်သဘောကိုတွေ့မြင်ရပါသည်။ ဦးတည်ချက်ကို ဖော်ဆောင်ရာတွင်လည်း ကိုယ်ကျင့်တရားကောင်းမွန်စေရေးကို အဓိကဦးစားပေး ဖော်ကျူးထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ဖခင်၏သားအပေါ်ထားသော မေတ္တာစေတနာကိုသိရှိရသည့်အပြင်လူအချင်းချင်း ကိုယ်ချင်းစာနာစိတ်ထားသင့်ပုံ၊ မိမိအတွက် မလိုအပ်ပါက သူတစ်ပါးအတွက် စဉ်းစားနေရာပေးသင့်ပုံစသည့် ဦးတည်ချက်များကို ပေါ်လွင်စေမည့် ဇာတ်လမ်း ဇာတ်ကွက်များကို ဖန်တီးကာ ငြိလုံးသွင်းထားသည်ကို တွေ့ရပါသည်။ ဇာတ်လမ်းအဖွင့်အပိတ် ကိုလည်း ညီညွတ်အောင် ဖန်တီးထားပြီး ဇာတ်ဆောင်၏ စိတ်စရိုက်ပြောင်းလဲလာမှုနှင့် စာရေးသူပေးလိုသော အတွေးအသိများကို ဇာတ်ဆောင်၏ စိတ်တွင်း အားပြိုင်မှု များဖြင့် ပေါ်လွင်အောင် တင်ပြ ထားသည်ကို တွေ့ရပါသည်။ ကာလဒေသနောက်ခံဖန်တီးရာတွင်လည်း ဇာတ်လမ်းကို ပေါ်လွင်လာစေမည့် ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် အံဝင်ခွင်ကျဖြစ်စေမည့် ကာလဒေသနောက်ခံများကို ဖန်တီးကာ ယုတ္တိရှိလာအောင် သဘာဝကျလာအောင်ဖန်တီးထားသည်ကို တွေ့ရပါသည်။

ထိုသို့ ယုတ္တိရှိလာအောင် သဘာဝကျလာအောင် ဖန်တီးထားခြင်းကြောင့်ပင် စာဖတ်သူများအနေဖြင့် ဝတ္ထုကိုလက်ကမချဘဲ ပြီးဆုံးအောင်ဖတ်ချင်စိတ်ဖြစ်ပေါ်လာရပြီး ဝတ္ထုပြီးသွားသော်လည်း ဝတ္ထုမှပေးလိုက် သော အတွေးအသိများကို ထပ်တူခံစားရသည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ခံစားရခြင်းသည် ငြိလုံး၏ အာနိသင်ကြောင့်ပင်ဖြစ်ရာ ငြိလုံးပါဝင်အောင် ဖန်တီးနိုင်သော စာရေးသူ၏ ဝတ္ထုဖန်တီးမှုအတတ်ပညာကို ရိပ်မိနိုင်ပါသည်။ သို့ဖြစ်ရာ ဝတ္ထုတစ်ပုဒ်ဖန်တီးရာတွင် စာရေးသူ၊ စာနှင့် စာဖတ်သူတို့သည် ဝတ္ထုပါငြိလုံး၏ ကြားခံမှုနှင့်အတူ အချင်းချင်း အပြန်အလှန် ဆက်နွယ်မှုရှိနေကြကြောင်း သုံးသပ်မိပါသည်။

**နိဂုံး**

ဝတ္ထုတစ်ပုဒ်ဖန်တီးရာတွင် စာရေးသူဘက်မှ ငြိလုံးပါအောင် ဖန်တီးရသကဲ့သို့ စာဖတ်သူကလည်း ငြိလုံးပါမှသာ လက်ကမချတမ်းစွဲငြိနေမည်ဖြစ်ရာ ငြိလုံးသည်ဝတ္ထုတစ်ပုဒ်တွင် အရေးပါလှ ကြောင်း လေ့လာတင်ပြထား ပါသည်။ ထိုသို့လေ့လာခြင်းဖြင့် စာရေး သူ၏ ဝတ္ထုဖန်တီးမှု အတတ်ပညာပိုင်းကို လေ့လာဆန်းစစ်နိုင်ပြီး စာဖတ်သူ၏ ခံစားမှု သိမြင်မှုအပိုင်း ကိုပါ နားလည် လာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

## ကျမ်းကိုးစာရင်း

ကျော်အောင်။ (၁၉၇၄)။ ကမ္ဘာ့ဂန္ထဝင်တစ်ဆယ်။ ရန်ကုန်၊ ကန်တော်လေးစာတိုက်။

ခင်မင်၊မောင် (ဓနုဖြူ)။ (၂၀၁၀)။ စာပေသမုဒ္ဒရာ ၌ လက်ပစ်ကူးခြင်း။ ရန်ကုန်၊ ရွှေဟသာ်စာပေ။

စိုးရွှေစင်။ (၂၀၁၅)။ ဝတ္ထုတိုသဘောတရားနှင့် ဝတ္ထုတိုအတတ်ပညာ။ ရန်ကုန်၊ ရုပ်ပြောင်စာပေ။

ဇေဦးယျာ။ (၂၀၁၉)။ ဆိုးတဲ့အမေနှင့် မဂ္ဂဇင်းဝတ္ထုတိုများ။ ရန်ကုန်၊ လင်းလွန်းခင်စာပေ။

ဇော်ဂျီ။ (၂၀၁၄)။ ရသစာပေအဖွင့်နှင့်နိဒါန်း။ ရန်ကုန်၊ ရွှေအိုးစာပေ။

ဇော်ဂျီ။ (၁၉၉၄)။ ဇော်ဂျီစာပေါင်းချုပ် ။ တတိယတွဲ။ ရန်ကုန်၊ တင်ရွှေစာပေ။

တာရာ၊ ဒဂုန်။ (၁၉၉၀)။ စာပေသဘောတရား စာပေဝေဖန်ရေး စာပေလှုပ်ရှားမှု (ဒုကြိမ်)။ ရန်ကုန်၊ နံ့သာတိုက်။

မိုးမြေ၊ မ။ (၂၀၁၇)။ ဝတ္ထုတိုသဘောတရားနှင့် ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ။ ရန်ကုန်၊ စိုးမိုးလွင်စာပေ။

ရန်အောင်။ (၂၉၆၈)။ ရန်အောင့်စာ၊ ရန်အောင့်ဘဝ။ ရန်ကုန်။ ပုဂံစာအုပ်တိုက်။

ဝင်းငြိမ်း။ (၂၀၀၉)။ နှစ်ကြောင်းရေးတစ်ကြောင်းခြစ်။ ရန်ကုန်၊ အင်ပါယာစာပေ။

ဝတ္ထုတိုစာတမ်းများ။ (၁၉၇၉)။ ရန်ကုန်၊ စာပေဗိမာန်။

သူရိယကန္တိ ။ (၁၉၆၇)။ ဝတ္ထုရေးလိုသော် (ဒုကြိမ်)။ ရန်ကုန်။ နေစိုးရှိန်စာပေ။

အောင်သင်း။ (၁၉၇၈)။ စာပေရေးရာဆောင်းပါးများ။ ရန်ကုန်၊ အမေ့အိမ်စာစဉ်။

အောင်သင်း။ (၂၀၀၉)။ ဝတ္ထုရေးရာဆောင်းပါးများ။ ရန်ကုန်၊ ရေတမာစာပေ။

ဒေါက်တာခင်သန်းဦး (မမိုးမြေ)နှင့် ဒေါက်တာသက်အုန်းမြင့်တို့၏ ပါရဂူအကြိုတန်း(၂၀၁၁)တွင် သင်ကြားခဲ့သော သင်ခန်းစာ(လက်ချာ)များ။